တံပ်အဲ့ရ်ပိုန်လောတ်ကမိုန်တအာင်း
**Palaung State Liberation Front**

## "(၄၅) နှစ်မြောက် တအန်းစာပေနေ့"
## ဂုဏ်ပြုသဝဏ်လွှာ
## ၃၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၇ ခုနှစ်

"တအန်းစာပေနေ့" (၄၅) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ရောက်ရှိလာပြီဖြစ်သည်။

တအန်းလူမျိုး၏ အသက်သွေးကြောပမာ အရေးကြီးလှသည့် တအန်းစာပေကို ခိုင်မာသည့်မျိုးချစ်စိတ်ဓါတ်၊ သဘောထားကြီးမှု၊ စွန့်လွှတ်အနစ်နာခံမှုတို့အရင်းပြုပြီး ပြုစုပျိုးထောင်လာခဲ့သော ထိန်းသိမ်းမြှင့်တင်လာခဲ့သော တအန်းစာပေပညာရှင်များ၊ တအန်းစာပေနှင့်ယဉ်ကျေးမှုကော်မတီ၊ တအန်းသံဃာတော်၊ မျိုးချစ်စိတ်ထက်သန်သော တအန်းလူငယ်မောင်မယ်များနှင့် တအန်းပြည်သူလူထုအားလုံးတို့၏ကြိုးပမ်းအားထုတ်မှုကို ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး P.S.L.F/T.N.L.A က အထူးဂုဏ်ယူဝမ်းမြောက်ရ ပါသည်။

အားလုံး၏ မျိုးချစ်စိတ်အခြေခံကြိုးပမ်းမှုကြောင့် တအန်းစာပေ (၄၅) နှစ်ပြည့်မြောက်လာခဲ့သော်လည်း မိမိတို့ လိုလားတောင်းတသည့် ရည်မှန်းချက်ပန်းတိုင်ကား မရောက်ရှိနိုင်သေးပေ။ တအန်းမိဘပြည်သူများ၊ ရဟန်းရှင်လူများ အားလုံး ညီညွတ်စွာ ဆက်လက်ရုန်းကန်ကြရပေအုံးမည်။ ထိုးထွင်းသိမြင်ဖန်တီးမှု၊ နည်းပညာတိုးတက်မှု တို့ကို မျိုးချစ်စိတ်နှင့်ပေါင်းဖက်လိုက်ပါက အောင်မြင်မှုပန်းတိုင်ကား မလွဲကေန်မုချ ရောက်ကြရမည် ဖြစ်သည်။

မိမိတို့ PSLF/TNLA သည် ၂၀၁၅ ခုနှစ် ဖွန်လ ၁၉ ရက်မှ ၂၁ ရက်ထိ ကျင်းပပြုလုပ်ခဲ့သော ဗဟိုကော်မတီ (၆) လပတ်အစည်းအဝေးဆုံးဖြတ်ချက်အရ မိမိတို့၏ ဗဟိုကော်မတီ၊ လုပ်ငန်းဌာနများ၊ ဗဟို-တပ်မဟာ-တပ်ရင်း စစ်ရုံးများ၊ ဗဟို-ခရိုင်-မြို့နယ်-တိုက်နယ် အုပ်ချုပ်ရေးရုံးများအသီးသီးတွင် တအန်းစာပေအသုံးပြုရန် ဆုံးဖြတ်ထားသည့်အတိုင်း အသုံးပြုလာခဲ့ပြီးဖြစ်ပါသည်။ မိမိတို့၏ ရုံးယန္တရားလည်ပတ်မှုအဆင့်ဆင့်တွင် တအန်းစာပေအသုံးပြုနိုင်ရန်အတွက် တပ်ဖွဲ့ဝင်များမှာ တအန်းစာပေကို အင်တိုက်အားတိုက် သင်ကြားလေ့လာခဲ့ကြပါသည်။

ယခုအချိန်တွင် တအန်း စာပေပညာရှင်များ၊ သံဃာတော်များ၊ လူငယ်မောင်မယ်များဖြင့် စုစည်းထားသည့် "တအန်းရုံးသုံးစာ ဖြစ်မြောက်ရေးကော်မရှင်" က တအန်းရုံးစာဝေါဟာရများကို ညှိနှိုင်းပြုစုပြီး၊ တအန်းရုံးသုံးစာ သင်ရိုးညွှန်းတမ်းစာအုပ်များလည်း ဆက်လက်ပြုစုသင်ကြားသွားမည်ဟု ကြားသိရပါသဖြင့် မိမိတို့ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး PSLF/TNLA က အထူးဝမ်းသာအားရစွာ ကြိုဆိုပါသည်။ မိမိတို့၏အုပ်ချုပ်ရေးဌာနအသီးသီး တွင် ထိုတအန်းရုံးသုံးစာကို ဂုဏ်ယူစွာသင်ယူကျင့်သုံးသွားပါမည်ဟု မိဘပြည်သူအားလုံးအား အသိပေးအပ်ပါသည်။

တအန်းစာပေ၊ တအန်းဘာသာစကား ရှင်သန်တိုးတက်အားကောင်းလာစေရန်အတွက် လုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ပိုင်ခွင့်များကို ကိုယ်တိုင်ရယူဖန်တီးတည်ဆောက်နိုင်ရန်အတွက် "တအန်းရုံးသုံးစာ ဖြစ်မြောက်ရေးကော်မရှင်" ၏ လုပ်ငန်းများကို ဝိုင်းဝန်းပံ့ပိုးကာ၊ "တအန်းရုံးသုံးစာ" ကို စတင်လေ့လာအသုံးပြုသွားကြပါစို့ ဟု တအန်းမိဘပြည်သူ တရပ်လုံးကို အလေးအနက်တိုက်တွန်းနှိုးဆော်ရင်း မိမိတို့ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး PSLF/TNLA ၏ "(၄၅) နှစ်မြောက် တအန်းစာပေနေ့" ဂုဏ်ပြုသဝဏ်လွှာကို ဂုဏ်ယူဝမ်းမြောက်စွာ ပေးပို့လိုက်ပါသည်။

"ဘ်ုပ်ဘိုန် ကုင်တအာင်း"

**ဗဟိုကော်မတီ**

**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (P.S.L.F)**

**တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (T.N.L.A)**